# ဘုရားသခင်၏ အသံတော်ကို မိတ်ဆွေလည်း ကြားနိုင်ပြီ

ခရစ်ယာန်ဘာသာသည် ဘာသာတရားများထဲတွင် တမူထူးခြားသော ဘာသာတစ်ခုဖြစ်၏။ အကြောင်းမှာ ဤဘာသာတရားတစ်ခုတည်း ဖန်ဆင်းရှင် ဘုရားသခင်နှင့်အတူ ရင်းနှီးဆက်နွယ်ခြင်းကို အစကနဦးကပင်ပေးထားရုံမကပဲ၊ ယခုမှစ၍ ထာဝရကာလတစ်လျှောက်လုံးတွင်လည်း ဆက်နွယ်နေမည်ဖြစ်သည်။ “ဘုရားသခင်ကို သိကျွမ်းစေခြင်းငှာ ထာဝရအသက်” ဟု ယေရှုမိန့်တော်မူခဲ့၏။ (ယော ၁၇း၁) ကျွန်ုပ်တို့၏ အရှင်သခင်နှင့် မိတ်သဟာယဖွဲ့ခြင်းသည် ကြီးမားသော ကောင်းကြီးမင်္ဂလာဖြစ်ခြင်းကို အသင်းတော်၌ လူများတို့သည် သိကျွမ်းခြင်းမရှိသည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အသံတော်သည် ကျွန်ုပ်တို့ထံ၌ရှိကြောင်း သိကျွမ်းခြင်းစွမ်းအားကို ပျောက်စေခြင်းကြောင့်ဖြစ်သည်။

“ငါ့သိုးတို့သည် ငါ့အသံကိုကြား၏။” ဟူသော ကတိတော် သိရှိကြသော်လည်း များစွာသော ယုံကြည်သူတို့သည် ရင်းနှီးကျွမ်းဝင်ခြင်းတွင် ငတ်ပြတ်ကြလေသည်။ ဤကျွမ်းဝင်ဆက်နွယ်ခြင်းသည် သာလျှင် ယုံကြည်သူများ၏ စိတ်နှလုံးဆန္ဒကို ကျေနပ်စေမည်ဖြစ်၏။

(ဟေဗြဲ ၂း၁–၂) ဘဏ္ဍာတိုက်တည်းဟူသော သူ၏အသံတော်ကို ဖွင့်ထားသော သော့ချက် (၄) ချက်မဖော်ပြသည့်တိုင်အောင် သိုးထိန်း၏ အသံကိုမကြားသော သိုးများထဲမှ ကျွန်တော်သည် တစ်ကောင်အပါအဝင်ပင်ဖြစ်သည်။

**သော့ချက် ၁။** သင်၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏ အသံတော်သည် အလိုအလျောက် စီးဆင်းတွေးတောဖြစ်၏။

ဟဗက္ကုတ်သည် ဘုရားသခင်မိန့်တော်မူသော အသံကိုသိခဲ့လေသည်။ (ဟေဗြဲ ၂း၂) ဧလိယကလည်း “ဖြည်းညင်းသောအသံ” (၃ ရာ ၁၉း၁၂) ဟု ဖော်ပြခဲ့သည်။ ကျွန်တော်သည် အတွင်းထဲ၌ ကြားနိုင်သော အသံကို အမြဲနားထောင်လေသည်။ ထိုနည်းဖြင့် အမြဲတမ်းဘုရားသခင် စကားပြောလေသည်။ မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင်၏ အသံတော်သည် အလိုအလျောက် တွေးတောဆင်ခြင်ခြင်း ရူပါရုံ၊ ခံစားချက် (သို့) စိတ်ထဲတွင် ထင်ကျန်သော အမှတ်အသားကဲ့သို့ဖြစ်ကြောင်း တစ်ခါတစ်ရံတွေ့ရလေသည်။
ဉပမာ။ လမ်းမကြီးပေါ်ကို ကားမမောင်းဘဲလျက် တိကျသော လူတစ်ဦးအတွက် ဆုတောင်းပေးရန် အတွေးဝင်လာခြင်းမျိုးရှိဖူးသလား။ ဘုရားသခင်သည် သင့်အား ဆုတောင်းပေးရန် ပြောကြကြောင်း မယုံကြည်ဖူးလား။ ဘုရားသခင်၏ အသံတော်ကား မည်ကဲ့သို့နည်း။ ကြားနိုင်သော အသံလား၊ (သို့) သင်၏စိတ်တွင် အလိုအလျောက် ထွက်ပေါ်လာသော အတွေးလား။

အလိုအလျောက် တွေးတောခြင်း၊ စိတ်ထဲတွင် ထင်ကျန်သော တွေးတောခြင်းနှင့် ရူပါရုံကဲ့သို့ စိတ်ဝိညာဉ်အားဖြင့် ဆက်သွယ်ခြင်းကို ကျွန်ုပ်တို့အလို့ငှာ နားလည်ခြင်းသည် တွေ့ကြုံခံစားကြောင်း ရည်ညွှန်းလေသည်။ သမ္မာကျမ်းစာကပင် နည်းလမ်းမျိုးစုံ၌ ဤကဲ့သို့ ဆက်နွယ်ခြင်းကို အတည်ပြုလေသည်။

ဥပမာ ဝင်ရောက်တောင်းပန်ခြင်းဟူသော ဟေဗြဲစကားလုံး၏ အဓိပ္ပါယ်မှာ "ဘာဂါ" ဖြစ်သည်။ ဝင်ရောက်ဖြန်ဖြေခြင်းသည် ခက်ခဲခြင်းကို ရင်ဆိုင်ကြုံတွေ့ရသော အခွင့်အရေးတစ်ခု (သို့) မတော်တဆ အပိုင်းပိုင်းဖြတ်မိခြင်းတစ်ခု" ဟု အဓိပ္ပါယ်ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးတွင် ချထားသောအခါ၊ ဘာဂါ ခက်ခဲခြင်းကို တွေ့ကြုံခြင်း အခွင့်အရေးအတွေးအကြံကို "မတော်တဆ" ကျွန်ုပ်တို့စိတ်တွင် ပိုင်းဖြတ်ခြင်းဖြင့် အလုပ်လုပ်လေသည်။

ထို့ကြောင့် ဘုရားသခင်ထံမှ အသံကိုကြားချင်သောအခါ အလိုအလျောက် ဆင်ခြင်တွေးတောခြင်း (သို့) ခက်ခဲခြင်းကို တွေ့ကြုံခြင်း အခွင့်အရေးကို ကြားမည်ဖြစ်သည်။

**သော့ချက် ၂။** ငြိမ်ဝပ်လော့။ သင်သည် ဘုရားသခင်ထံမှ စီးဆင်းလာသော ဆင်ခြင်တွေးတောခြင်းနှင့်စိတ်လှုပ်ရှားထဲ၌ နားလည်သဘောပေါက်ခြင်းကို ခံစားမည်။

ဟဗ္ဗက္ကုက်။ "ငါသည် ငါ့လင်စင်ပေါ်မှာရပ်လျက် ..." ဟုဆိုလေ၏။ (ဟဗ ၂း၁) ဟဗက္ကုတ်သည် ဘုရားသခင်၏ ငြိမ်ဝပ်မှု၊ အတွင်းပိုင်း၊ အလိုအလျောက် ဆင်ခြင်တွေးတောခြင်းတို့ကိုကြားရန် သိကျွမ်းခဲ့လေသည်။ သူသည် ငြိမ်ဝပ်တိတ်ဆိတ်သော နေရာတွင် ရှေးဦးစွာသွား၍ သူ၏စိတ်လှုပ်ရှားမှုနှင့် တွေးတောဆင်ခြင်ခြင်းကို ငြိမ်ဝပ်စွာဖြစ်ရန် သိလေသည်။ ဆာလံ ၄၆း၁၀ သည် ကျွန်ုပ်တို့အား ငြိမ်ဝပ်စွာနေ၍ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ကြောင်း သိရှိစေရန် ခွန်အားပေးတိုက်တွန်းလေသည်။ ကျွန်ုပ်တို့၏ စိတ်နှင့် ခန္ဓာကိုယ်ငြိမ်သက်သော အချိန်တွင် တွေ့ကြုံခံစားလေသည်။ ငြိမ်ဝပ်မှု မရှိခဲ့လျှင် ကျွန်ုပ်တို့ ကိုယ်ပိုင်တွေးတောဆင်ခြင်မှုကိုသာ သိရှိခံစားမည်ဖြစ်သည်။

ငြိမ်ဝပ်သော ကိုးကွယ်သီချင်းအားဖြင့် ဘုရားသခင်အား ချစ်ခြင်းသည် ငြိမ်ဝပ်ခြင်းရှိလာရန်အတွက် အလွန်ထိရောက်သော နည်းတစ်ခုဖြစ်သည်။ (၄ရာ ၃း၁၅) ကျွန်တော်သည်ကိုးကွယ်ခြင်းပြု၍ ငြိမ်သက်ရှိပြီးနောက်တွင်ကိုယ့်ကိုယ်ကို အလိုအလျောက် စီးဆင်းမှုဖွင့်ထားလေသည်။ ပြုလုပ်ဖို့ရန် မေ့လျော့သော အရာတို့ သာတွေးတောမှုဖြစ်လာလျှင် ရေးမှတ်ပြီးနောက် ပြန်ထွက်သွားစေပါသည်။ မထိုက်တန်ခြင်း (သို့) အပြစ်ကို ဆင်ခြင်တွေးတောလျှင် နောင်တရဝန်ချပြီး သိုးသူငယ်အသွေးတော်အားဖြင့် ဆေးကြောခြင်းကို ရုံသာမကပဲ ဖြောင့်မတ်သော ဝတ်လုံဖြင့် လွှမ်းခြုံခြင်းကိုငင်း၊ ဘုရားသခင်ရှေ့တော် မှောက်တွင် မိမိကိုယ်ကို အပြစ်ကင်းစင်ကြောင်း မြင်တွေ့လေသည်။ (ဟေရှာ ၆း၁၀၊ ကော ၁း၂၂)

သန့်ရှင်းစင်ကြယ်သော ဘုရား၏စကားတော်ကို လက်ခံရယူဖို့ရန်အတွက် ကျွန်ုပ်တို့၏ စိတ်နှလုံးဦးတည်အလေးထားမှု အလွန်အရေးကြီးပေသည်။ ကျွန်ုပ်တို့၏ အဓိကဦးတည် အလေးစိုက်မှုသည် စိတ်ထဲတွင် အလိုလိုသိသော စီးဆင်းမှု၏ အစဖြစ်သောကြောင့် ကျွန်တော် ငြိမ်သက်လျက်ရှိ၏။ ယေရှုကို စေ့စေ့မျှော်ကြည့်လျှင် ဘာလိုလိုသိသော စီးဆင်းမှုသည် ယေရှုထံမှလာလေသည်။ သို့သော် ကျွန်ုပ်၏ စိတ်နှလုံးသည် လိုအင်ဆန္ဒများပေါ်တွင် မျှော်ကြည့်လျှင် ဘာလိုလိုသိသော စီးဆင်းမှုသည် လိုအင်ဆန္ဒမှ လာလေသည်။ သန့်ရှင်းစင်ကြယ်သော စီးဆင်းမှုရှိဖို့ရန်၊ ကျွန်တော်သည် ငြိမ်ဝပ်မှုရှိပြီး ဂရုတစိုက်စွာ ယေရှုကိုသာမျှော်ကိုးရမည်။ နောက်တစ်ဖန်၊ ငြိမ်သက်စွာ ရှင်ဘုရင်ယေရှုကို ကိုးကွယ်ခြင်း၊ လွယ်ကူစွာ စီးဆင်းသော

ငြိမ်သက်မှုမှ ရရှိလက်ခံခြင်းသည် ပြည့်စုံခြင်းဖြစ်၏။

သခင်ယေရှုကို စေ့စေ့ထောက်ရှုခြင်း (ဟေ ၁၂း၂) သည် မျက်မှောက်တော်တွင် ငြိမ်သက်ခြင်းနှင့် သင်၏စိတ်နှလုံးထဲ၌ရှိသောအရာကို ထိုယေရှုနှင့် ဝေငှခြင်းဖြစ်သည်။ အလိုအလျောက် တွေးတောခြင်းသည် ဘုရားသခင်၏ ပလ္လင်တော်မှ သင့်ထံသို့ အစပြုစီးဆင်းလိမ့်မည်။ သင်သည်လည်း ဘုရင်တကာ၏ ဘုရင်နှင့်အတူ အမှန်စင်စစ် စကားပြောနေလိမ့်မည်။

**သော့ချက် ၃။** ဆုတောင်းသည့်အတိုင်း၊ သင်၏စိတ်နှလုံးကို ယေရှုပေါ်သို့ စေ့စေ့ထောက်ရှုခြင်းသည်အနန္တတန်ခိုးရှင် ဘုရားသခင်၏ ရူပါရုံနှင့် အိပ်မက်များကို ဝိညာဉ်တော်ထဲ၌ မြင်တွေ့ရမည်။

ဟဗက္ကုတ်က “ငါသည်အစဉ်စောင့်မျှော်နေမည်” ဟု ပြောခဲ့လေသည်။ ဘုရားသခင်က ရူပါရုံကို ရေးမှတ်လော့”(ဟ ၂း၁၂) ဟု မိန့်တော်မူ၏။ အမှန်စင်စစ် ဟဗက္ကုတ်သည် ဆုတောင်းသည့်အတိုင်း ရူပါရုံကို မျှော်လင့်လေသည်။ စိတ်နှလုံးတံခါးကို ဖွင့်လျက် ဘုရားသခင်ပြလိုသော အရာတို့ကို မြင်တွေ့ရန် အတွက်စိတ်နှလုံးဖြင့် ကြည့်ရှုခဲ့လေသည်။ ဤအရာသည် ကြံစည်တွေးတောခြင်းဖြစ်၏။

ဘုရားသခင်သည် အိပ်မက်ရူပါရုံအားဖြင့် အမြဲပြောဆိုခဲ့လေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည်သင်တို့အပေါ်သို့ သွန်းလောင်းမည်ဟု တိကျစွာပြောခဲ့လေသည်။ (တ ၁း၁– ၄–၁၇)

ကျွန်တော်သည် ကျွန်ုပ်၏စိတ်နှလုံးမျက်ကိုဖွင့်ဟရန်နှင့် ရူပါရုံကိုမြင်ရန် မတွေးခဲ့ဘူးပေ။ မည်သို့ပင်ဖြစ်စေ၊ ဘုရားသခင်သည် ကျွန်ုပ်အားလုပ်စေချင်သော အရာကို အတိအကျ ယုံကြည်လာခဲ့လေသည်။ တန်ခိုးကြီးသော ဘုရားသခင်၏ လှုပ်ရှားမှုနှင့် ရူပါရုံကိုမြင်တွေ့ရန် ကျွန်ုပ်စိတ်နှလုံး မျက်စိကိုပေးခဲ့လေသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်သည် ကောင်းကင်တမန်များနှင့် ပြည့်ဝခြင်း၊ နတ်ဆိုးများ၊ သန့်ရှင်းသောဝိညာဉ်တော်၊ နေရာတိုင်း၌ တည်ရှိသော ခမည်းတော်ဘုရား၊ နေရာတိုင်း၌ရှိသော သားတော်ယေရှုတို့ဖြစ်သည်။ ဤစစ်မှန်ခြင်းကို မမြင်နိုင်သော အကြောင်းပြချက်တစ်ခုမှာ မယုံကြည်ခြင်း (သို့) အသိပညာနည်းပါးခြင်းပင်ဖြစ်သည်။

မြင်နိုင်ရန်အတွက် ကျွန်ုပ်တို့ကြည့်ရှုရမည်။ ဒံယေလသည် သူ၏စိတ်ထဲတွင် အာရုံပြုလွှာ ရူပါရုံကို မြင်ခဲ့၍ “ငါကြည့်ရှုစဉ် … ဆာလံကြည့်ရှု၏။ ဆက်၍ကြည့်ရှု၏။”(ဒံ ၇း၂– ၉–၁၃) ဟု ပြောခဲ့လေသည်။ ကျွန်တော်ဆုတောင်းသည့်အတိုင်း ယေရှုကို ကြည့်ရှုလေသည်။ ကျွန်တော်စောင့်မျှော်သည့်အတိုင်း သူ၏ စိတ်နှလုံးတော်ထဲက အရာတိုင်းကို မြွက်ဆိုခြင်း၊ လုပ်ဆောင်ခြင်းအားဖြင့် ကျွန်တော်ထံ စကားပြောလေသည်။ ခရစ်ယာန်များတို့သည်လည်း မျှော်ကြည့်လျှင် မြင်တွေ့ရကြမည်။ တစ်ဆက်တည်းလျှင် အလိုအလျောက် တွေးတောဆင်ခြင်ခြင်းကိုလည်း လက်ခံရရှိမည်ဖြစ်သည်။ ယေရှုသည် ဧမာနွေလဖြစ်ကြောင်း အနက်ကား ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်ဖြစ်ကြောင်း (မဿ ၁း၂၃) သိမြင်ကြမည်။ အလွန်ရိုးရှင်းလှပါသည်။ ခရစ်တော်သည် သင်နှင့်အတူရှိတော်မူသောကြောင့် ထိုခရစ်တော်သည် သင်နှင့်အတူရှိကြောင်း မြင်နိုင်၏။ အမှန်စင်စစ်၊ ရူပါရုံသည် လွယ်ကူစွာလာသောကြောင့် ထိုရူပါရုံကို ငြင်းပယ်ရန် စုံစမ်းခြင်းခံပေလိမ့်မည်။ သင့်အတွက်ဖြစ်ကြောင်းကို စဉ်းစားစေချင်ပါသည်။ ထိုရူပါရုံကို ရေးမှတ်ရန်အတွက်

သင်သည်ခုခံတားဆီးခြင်းရှိလျှင် တန်ခိုးရှင် ဘုရားသခင်ထံမှ အစပြုဖြစ်ပေါ်လာကြောင်း သတိပြုသော ကြောင့် သံသယတို့ကို ယုံကြည်ခြင်းအားဖြင့် အနိုင်ယူသွားလိမ့်မည်။

ယေရှုသည် ဘုရားသခင်နှင့် စဉ်ဆက်မပြတ်ဆက်နွယ်ပြီး အသက်ရှင်စွမ်းဆောင်ခဲ့ကြောင်း ဖော်ပြခဲ့၏။ မိမိအလိုအတိုင်း ဘာမှမလုပ်ခဲ့ကြောင်း ခမည်းတော်ပြောသမျှ အရာကိုကြား၍၎င်း၊ ခမည်းတော် လုပ်ဆောင်သမျှတို့ကိုမြင်၍ လုပ်ဆောင်ကြောင်း ထင်ရှားလေသည်။ (မဿဲ ၅း၁၉– ၂၀–၂၃) ရှင်သန်ရန်အတွက် မယုံကြည်လောက်အောင်ပင် ဖြစ်၏။

ယေရှုလုပ်ဆောင်ခဲ့သကဲ့သို့ ဘုရားသခင် အလိုတော်နှင့်အညီ လုပ်ဆောင်အသက်ရှင်ရန် သင့်အ တွက်ဖြစ်နိုင်ပါသလား။ ဖြစ်နိုင်ပါ၏။ ယေရှုကိုသာ စေ့စေ့ကြည့်ရှုပါ၏။ ကုလားကာသည် ကွဲ၍ ဘုရားသခင် ၏မျက်မှောက်တော်၌ ချက်ချင်းတိုးဝင် ချဉ်းကပ်ခြင်းကို ပေးတော်မူ၍ သာ၍နီးဖို့လည်း သင့်ကိုခေါ်တော် မူ၏။ (လု ၂၃–၄၅) (ဟေ ၁၀း၁၉–၂၂) သင်၏စိတ်နှလုံးမျက်စိ ပွင့်လင်းခြင်း ခံစားပါစေဟု ကျွန်တော်ဆုတောင်း လေသည်။

**သော့ချက် ၄**။ ဆုတောင်းချက်များကို ရေးမှတ်ခြင်းနှင့် ဘုရားသခင်၏ အဖြေပေးခြင်းကို နေ့စဉ် မှတ်တမ်းတင်ခြင်းသည် ဘုရားသခင်၏ အသံတော်ကို ကြားရာတွင် ကြီးမားသော လွတ်လပ်ခြင်းကို ယူဆောင် လာသည်။

ဘုရားသခင်သည် ရူပါရုံတို့ကို ရေးမှတ်ရန် ဟဗက္ကုတ်အား မိန့်မှာခဲ့လေသည်။ (ဟ ၂း၂) သီးသန့် အမိန့်ပေးခြင်းတစ်ခုလည်း မဟုတ်ပါ။ သမ္မာကျမ်းစာထဲတွင် တစ်ဦးတစ်ယောက်၏ ဆုတောင်းခံစားချက် များကို ဘုရားသခင်တုန့်ပြန်ကြောင်း ဥပမာများစွာကို မှတ်တမ်းတင်ထားလေသည်။ (ဥပမာ– ဆာလံကျမ်း၊ ဖရောဖက်ကျမ်း၊ ဗျာဒိတ်ကျမ်း)။

"နည်းလမ်းနှစ်လမ်းဖြင့် နေ့စဉ်မှတ်တမ်းတင်ခြင်း" ဖြစ်စဉ်ဟု ခေါ်တွင်၍ ဘုရားသခင်၏ အတွင်း စိတ်ကိုရှင်းလင်းစွာ နားလည်ခြင်း၊ အလိုအလျောက်စီးဆင်းခြင်းကို မယုံကြည်နိုင်လောက်အောင် ထည့်ပေး သောအရာတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် နေ့စဉ်မှတ်တမ်းတင် ခြင်းကို လုပ်ဆောင်သည့်အတိုင်း ကြာမြင့်သောအချိန်ကာလကို ယုံကြည်ခြင်းဖြင့် မှတ်တမ်းတင်နိုင်ခြင်းမှာ ဘုရားသခင်ကို ယုံကြည်ခြင်းစွမ်းအားဖြစ်ကြောင်း ရိုးရိုးလေးပင်ဖြစ်သည်။ ဘုရားသခင်ကို စမ်းသပ်ခြင်းမှ ရရှိခဲ့သော အရာများကို ကျွန်တော်ယုံကြည်ကြောင်း သိလေသည်။ မည်သို့ပင်ဖြစ်စေ၊ စမ်းသပ်ခြင်းတွင် သံသယသည်လည်း ပါဝင်ဆက်နွယ်လေသည်။ ထိုသံသယသည် ဘုရားသခင်နှင့် ရင်းနှီးဆက်နွယ်ခြင်းတွင် အဟန့်အတားဖြစ်၏။ ထို့ကြောင့် ရရှိလက်ခံဖို့ရန် ကြိုးစားနေသောအချိန်တွင် စမ်းသပ်ခြင်းကို မပြုလုပ်လို တော့ပေ။ နေ့စဉ်မှတ်တမ်းတင် ရေးသားခြင်းသည်လည်း ယုံကြည်ခြင်းဖြင့် ရရှိလေသည်။ စီးဆင်းခြင်း အဆုံး သတ်သောအခါ ကျွန်တော် ဆန်းစစ်၊ စမ်းသပ်ခြင်းကို ဂရုစိုက်စွာ လုပ်ဆောင်ကြောင်း သိရှိလေသည်။ ထိုလုပ်ဆောင်ချက်တို့သည်လည်း သမ္မာကျမ်းစာနှင့် ကိုက်ညီမှုရှိကြောင်း သေချာစွာ ချိန်ထိုးရပါမည်။

သင်၏ နေ့စဉ်မှတ်တမ်း ရေးသားချက်ကို သင်အံ့သြရပေလိမ့်မည်။ အစပိုင်းတွင် သံသယသည်

သင့်အဖို့အတားအဆီး ဖြစ်လိမ့်မည်။ သို့သော် ဖယ်ထုတ်လိုက်ပါ။ ဤသံသယကို ဖယ်ရှားခြင်းသည် သမ္မာတရား နှင့်ညီသော အယူအဆဖြစ်ကြောင်း သိမှတ်ပါ။ ဘုရားသခင်၏ မျက်မှောက်တော်တည် ရှိခြင်းသည် သားသမီးတို့အား စကားပြောခြင်း ဖြစ်သည်။ သံသယကို လျော့နည်းစေခြင်းလည်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ကြိုးစားလုပ်ဆောင်ခြင်းကို ပြီးစီးပြီး ထိုချမ်းသာထဲသို့ ဝင်ရသောအခါ ဘုရားသခင်၏ ငြိမ်ဝပ်ခြင်းသည် စီးဆင်းလေ၏။ (ဟေ ၄း၁၀)၊ ငြိမ်ဝပ်စွာထိုင်ပြီး ဖောင်တိန်နှင့် စာရွက်ကိုယူ၍ ပြုံးပျော်မှုနှင့်အတူ ဝတ်ပြုကိုးကွယ် ခြင်း၊ ချီးမွမ်းခြင်း၊ မျက်နှာတော်ကို ရှာခြင်းဖြင့် ဘုရားသခင်ထံ အာရုံပြုလိုက်ပါ။ ပြီးနောက် ဘုရားသခင် အားမေးခွန်းထုတ်စာကြောင်းကို ရေးချ၍ ငြိမ်ဝပ်လော့။ ယေရှုကို စေ့စေ့မြေ့မြေ့ မျှော်ကြည့်လော့။ အလွန် ကောင်းမွန်သော အတွေးကို ချက်ချင်းရရှိလိမ့်မည်။ သံသယကင်းစွာဖြင့် ရေးချလိုက်ပါ။ နောက်ပိုင်းတွင် သင်၏ရေးသားချက်တို့ကို ဖတ်သောအခါ သင်ကိုယ်တိုင်လည်း ဘုရားသခင်နှင့်အတူ ဆွေးနွေးစကားပြော ကြောင်းသိရှိ၍ ကောင်းကြီးမင်္ဂလာ ခံအပ်သောသူ ဖြစ်လိမ့်မည်။

နောက်ဆုံးမှတ်စု။ သမ္မာကျမ်းစာအားဖြင့် ဘုရားသခင်ကို သိကျွမ်းခြင်းသည် သင်၏စိတ်နှလုံးထဲ၌ အသံတော်ကို ကြားရန်အရေးကြီးသော အုတ်မြစ်ဖြစ်လေ၏။ ထို့ကြောင့် သမ္မာကျမ်းစာအား နာခံခြင်းနှင့် သိကျွမ်းခြင်းရှိရန်အတွက် ခိုင်မာသော ဆက်ကပ်အပ်နှံခြင်း ရှိရမည်။ ဤအရာသည်လည်း သင်၏ကြီးထွား ခြင်းနှင့် လုံခြုံခြင်းအတွက် အလွန်အရေးကြီးလှပါသည်။ ခိုင်ခံ့သော ဝိညာဉ်ဆိုင်ရာ အကြံဉာဏ်ပေးသော အရာများနှင့်လည်း ဆက်နွယ်ရပေလိမ့်မည်။ ညွှန်ကြားချက်နှင့်အညီ ဖြစ်ပေါ်လာသော နေ့စဉ်မှတ်တမ်း တင်ရေးသားချက်တို့အပေါ် လက်တွေ့မဆောင်ရွက်မီ၊ သင့်အား အကြံဉာဏ်ပေးသော ဆရာများကလည်း အသိအမှတ်ပြုခြင်းခံရသင့်ပေသည်။